# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 13 , 2024 | Volume 76, Number 9

၁၃.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၁၅၉ US$ |
| မြန်မာ့ရွှေဈေး | = ၄၁၅၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၆၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၄.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၅.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၅.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၇.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၄၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၃၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၇.၈၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၇၉၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကြက်သွန်ဖြူများ ယခင်နှစ်ထက် ဈေးကောင်းရရှိ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့် ကြက်သွန်ဖြူသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိပါသည်။ ခရိုင်အတွင်းတွင် ကြက်သွန်ဖြူ စိုက်ဧက(၁၈၆)ဧက စိုက်ပျိုးထားရှိပြီး ယခုမတ်လဆန်းမှစတင်၍ ရိတ်သိမ်းလျက်ရှိပါသည်။ ကြက်သွန်ဖြူစိုက်ပျိုးမှု (၁)ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ၁၂,၃၀,၀၀၀ ကျပ်ခန့်ကုန်ကျကြောင်း၊ မျိုးအနေဖြင့် ဗမာကြက်သွန်ဖြူမျိုးများကိုသာ အများဆုံးစိုက်ပျိုးကြပါသည်။ (၁)ဧက ကြက်သွန်ဖြူစိုက်ပျိုးရာတွင် မျိုးအနေဖြင့် ပိဿာ(၆၀)ခန့်ကုန်ကျကြောင်း၊ ဝယ်ယူပြီး စိုက်ပျိုးမည်ဆိုပါက ကုန်ကျစရိတ် ပိုမိုကုန်ကြမည်ဖြစ်ကြောင်း၊ တောင်သူအများစုမှာ မိမိလယ်တောအတွက် စိုက်ပျိုးရန်မျိုးကို အမြဲချန်ထားရကြောင်း၊ အထွက်နှုန်းအနေဖြင့် (၁၅၀၀)ပိဿာခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခုနှစ် ကြက်သွန်ဖြူထွက်ပေါ်ချိန်တွင် အကြီး (၁၅,၀၀၀/-)ကျပ်၊ အလတ်(၈၀၀၀/-)ကျပ်၊ အသေး(၆၀၀၀/-)ကျပ်ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိသည်။

ယခင်နှစ်တွင် ဗမာကြက်သွန်ဖြူပေါ်ချိန်တွင်(၁)ပိဿာလျှင် (၈၀၀၀/-)ကျပ်၊ ရှမ်းကြက်သွန်ဖြူ (၁)ပိဿာလျှင် (၇၀၀၀/-) ကျပ်ဖြင့် ရောင်းဝယ်ခဲ့ပြီး ယခုနှစ်ပေါ်ချိန်တွင် ဗမာကြက်သွန်ဖြူ(၁)ပိဿာလျှင် (၁၈,၅၀၀/-)၊ ရှမ်းကြက်သွန်ဖြူ (၁)ပိဿာလျှင် (၁၄,၅၀၀/-)ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ အိမ်ရှင်မများအနေဖြင့် ကြက်သွန်ဖြူကို ရွေးချယ်အသုံးပြုရာတွင် အခွံပါး၍ ပိုမိုမွှေးသောကြောင့် ဗမာကြက်သွန်ဖြူကို အသုံးများသည်။ ကြက်သွန်ဖြူသည် အိမ်ရှင်မများ ကြော်လှော်ချက်ပြုတ်ရာတွင် မပါမဖြစ်သော သီးနှံတစ်မျိုးဖြစ်ပြီး တောင်သူများအတွက်လည်း ယခင်နှစ်ထက် ဈေးနှုန်းကောင်းမွန်သောကြောင့် အကျိုးအမြတ်များပိုမိုရရှိကြောင်း ကြက်သွန်ဖြူစိုက်ပျိုးသော တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**Source: https://www.doca.gov.mm**


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၄ ခုနှစ်၊ မတ်လ ၂ ရက်မှ ၈ ရက်နေ့များအတွင်းတင်ပို့ခဲ့သော ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၈၄,၃၄,၉၁၅ ဒသမ ၇၆၀ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၂၁,၁၀,၆၉၁

ဒသမ ၉၈၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့သည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဖရဲသီး၊ မြေထောက်ပဲ၊ သခွားမွှေး၊ မြေပဲဆံ၊ ဆန်ကွဲ၊ ပဲကြီး၊ ထောပတ်ပဲ၊ သီဟိုဠ်စေ့၊ ပဲယင်း၊ ကြက်သွန်နီ၊ ငရုတ်သီး၊ ဖရုံသီး၊ မန်ကျည်းသီးစေ့ပါနှင့် IRON CONCENTRADE များ တင်ပို့ခဲ့ကြောင်းသိရသည်။ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၆၈,၇၀,၂၉၁ ဒသမ ၈၈၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၈၄,၃၄,၉၁၅ ဒသမ ၇၆၀ ဒေါ်လာ တင်ပို့မှုရှိခဲ့သည်။

သွင်းကုန်ပစ္စည်းများမှာ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ အခြားစက်ကိရိယာများ၊ သံနှင့်သံမဏိပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ တွင်းထွက်(သတ္တုမှအပ)ဆောက်လုပ်ရေး၊ သတ္တုကုန်ကြမ်းပစ္စည်းများ၊ ဓာတုဗေဒချည်ခင်များ၊ သံပိုက်၊ ကားတာယာနှင့် ပန်းသီးများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၂,၇၀,၁၈၅ ဒသမ ၉၇၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၈,၄၀,၅၀၆ ဒသမ ၀၁၀ တင်သွင်းမှုရှိခဲ့သည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ၁ ကျပ် လျှင် တရုတ်ငွေ ၀ ဒသမ ၃၄၂ ယွမ်ရှိပြီး တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၂ ဒသမ ၃၉၀ ကျပ်ရှိကြောင်းသိရှိရသည်။

**Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## ယခုဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်တန်ချိန် ၄,၅၉,၉၇၆ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆၅၅ ဒသမ ၆၈ သန်းရရှိ



ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလကုန်အထိ ၁၁ လတာ ကာလ အတွင်း ပြည်ပနိုင်ငံပေါင်း ၄၀ ခန့်သို့ ရေထွက်ကုန်တန်ချိန် ၄,၅၉,၉၇၆ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆၅၅ ဒသမ ၆၈ သန်း ရရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးညွန့်ဝင်း၏ ပြောကြားချက်အရ သိရသည်။

အဆိုပါရေထွက်ကုန်များကို ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိပြီး ထိုသို့တင်ပို့မှုများအနက် ပင်လယ်ရေကြောင်း၊ လေကြောင်းလိုင်းတို့မှ တစ်ဆင့် ပုံမှန်ကုန်သွယ်ရေး (Normal Trade) ဖြင့် တင်ပို့မှုမှာ တန်ချိန် ၂,၁၉,၀၀၀ ကျော်ရှိပြီး အမေရိကန်ဒေါ်လာ ၃၇၆ သန်း ခန့်ရရှိကာ ကျန်တင်ပို့မှုများကို နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ Border Trade အနေဖြင့် တင်ပို့ခဲ့ခြင်းဖြစ်သည်။

“ဒီဘဏ္ဍာနှစ်အတွင်း မြန်မာ့ရေထွက်ကုန်တွေကို Border Trade အနေနဲ့ တင်ပို့တဲ့အထဲက ကော့သောင်း ကုန်သွယ်ရေးစခန်းကနေ တင်ပို့မှုက အများဆုံးဖြစ်ပါတယ်။ ဒီဘဏ္ဍာနှစ် ဧပြီလကနေ ဖေဖော်ဝါရီလကုန်အထိ ၁၁ လတာကာလအတွင်း ကော့သောင်းကုန်သွယ်ရေးစခန်းကနေ ရေထွက်ကုန်တန်ချိန် ၁၅၈၀၀၀ ကျော် တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ သန်း ၁၆၀ လောက် ရရှိခဲ့ပါတယ်”ဟု ဦးညွန့်ဝင်းက ပြောသည်။

ထို့ပြင် မြဝတီ၊ မြိတ်၊ မောတောင်၊ စစ်တွေနှင့်ကျိုင်းတုံ စသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့်လည်း အိမ်နီးချင်းနိုင်ငံများသို့ မြန်မာ့ရေထွက်ကုန်များ တင်ပို့ခဲ့ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/53351

## တရုတ်ထုတ် EV များ ပြည်တွင်းဈေးကွက်ဝေစု အများဆုံး ရရှိလာမည်

ကုမ္ပဏီ ၈၀ ကျော်ကို EV တင်သွင်းခွင့်ပြုလိုက်ပြီးနောက် တရုတ်နိုင်ငံမှာ တပ်ဆင်ထုတ်လုပ်တဲ့ EV ကားအများစု ပြည်တွင်းကားဈေးကွက်ထဲ အလုံးအရင်းနဲ့ ဝင်ရောက်လာဖို့ ရှိနေကြောင်း မော်တော်ယာဉ်လုပ်ငန်းရှင်းအသိုင်းအဝိုင်းကနေ သိရပါတယ်။

မြန်မာနိုင်ငံနဲ့ အနီးကပ်ဆုံး အိမ်နီးချင်းနိုင်ငံဖြစ်နေခြင်း၊ EV ထုတ်လုပ်မှု မြင့်မားတဲ့နိုင်ငံစတဲ့အချက်တွေကြောင့် တရုတ်အမှတ်တံဆိပ် EV တွေ ပြည်တွင်းဝေစု အများဆုံးရရှိလာမယ်လို့ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း (MAMDA) တာဝန်ရှိသူက ပြောပါတယ်။

လက်ရှိတိုးလာမယ့် EV Brand ကလည်း တရုတ် Brand ပဲ ဖြစ်မှာပေ့ါ။ တရုတ် Brand ဆိုပေမဲ့လည်း Quality Brand တွေလည်း ပါလာတဲ့အတွက် သုံးစွဲသူအတွက်တော့ ကောင်းတဲ့အချက်ပါပဲလို့ ဆိုပါတယ်။

နိုင်ငံအတွင်းကို တရုတ်နိုင်ငံထုတ် EV အမှတ်တံဆိပ်အတွင်း KIA နဲ့ Hyundai တို့လို့ ကိုရီးယားအမှတ်တံဆိပ်တွေလည်း အလုံးအရင်းနဲ့ ဝင်ရောက်လာချေရှိနေပါတယ်။ အခြား Brand က ပါလာဖို့ စောင့်ရပါလိမ့်ဦးမယ်။ အခုလက်ရှိက China Brand ကို စုံအောင် ပါလာမှာပါလို့ ပြောပါတယ်။

လက်ရှိ EV တင်သွင်းတဲ့ ကုမ္ပဏီတွေကို လျှပ်စစ်သုံးယာဉ်ပြန်လည်ရောင်းချတဲ့အခါ CIF တန်ဖိုးအပေါ် အမြတ် ၂၀ ရာခိုင်နှုန်းထက် မပိုဖို့၊ နောက်ပြီး မော်တော်ယာဉ်မရောက်ရှိသေးဘဲ Pre Order နဲ့ ကြိုမရောင်းထားဖို့ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့် တင်သွင်း၊ တင်ပို့၊ တပ်ဆင်ထုတ်လုပ်မှုမြှင့်တင်ရေး လုပ်ငန်းကော်မတီက အသိပေးထားပါတယ်။

ပြည်တွင်းဈေးကွက်ထဲမှာ EV အမျိုးအစား အများအပြားရှိနေပြီး ကျပ်သိန်း ၈၀၀ ကျော်ကနေ ကျပ်သိန်း ၂၀၀၀ ဝန်းကျင် အထိ ပေါက်ဈေးအမျိုးမျိုး ရှိနေပါတယ်။

လက်ရှိမှာတော့ EV ယာဉ်နဲ့ ဆက်စပ်လုပ်ငန်းတွေလုပ်ကိုင်ဖို့ ကုမ္ပဏီ(၈၀)ကျော်ကို လုပ်ကိုင်ခွင့်ပြုပေးထားပေမဲ့ အမှန်တကယ်လုပ်ငန်းလည်ပတ်နေတာကတော့ ကုမ္ပဏီ (၃၀)ကျော်ပဲရှိသေးတယ်လို့ ဝါရင့်ကားဝယ်ရောင်းလုပ်ငန်းလုပ်ကိုင်သူတွေက ပြောပါတယ်။

**Source: BETV Business**

## မြန်မာနိုင်ငံတွင် လိုင်စင်ရပျားမွေးမြူသူ ၉၀၀ ကျော်ရှိပြီး ပျားအုံပေါင်း နှစ်သိန်းကျော် ထုတ်လုပ်လျက်ရှိ



မြန်မာနိုင်ငံတွင် လုပ်ငန်းလိုင်စင်ဖြင့် ပျားမွေးမြူသူပေါင်း (၉၀၀) ကျော်ရှိပြီး ပျားအုံပေါင်း (၂,၀၀,၀၀၀)ဝန်းကျင်ခန့်ဖြင့် ထုတ်လုပ်လျက်ရှိသည်။

ထိုသို့ လိုင်စင်ရယူလုပ်ကိုင်လိုသူများအနေဖြင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးဌာနများတွင် ပျားမွေးမြူရေး လုပ်ငန်းလိုင်စင်လျှောက်ထားနိုင်ကြောင်း ပျားမွေးမြူမှုဖွံ့ဖြိုးရေး ဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအတွင်း ထွက်ရှိသည့် ပျားရည်အမျိုးအစားထွက်ရှိမှုမှာ နှမ်းပျားရည်၊ နေကြာပျားရည်၊ ပန်းနှမ်းပျားရည်၊ ဆီး(ဇီး)ပျားရည်၊ လိုင်ချီး ပျားရည်၊ ရော်ဘာပျားရည်တို့မှာ လအလိုက်ထွက်ရှိလျက်ရှိသည်။ ပျားမွေးမြူရေးအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ အများဆုံးမွေးမြူလျက်ရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးမှုဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ကပြောသည်။

“လိုင်စင်ရပျားမွေးမြူသူပေါင်း ၉၀၀ ကျော်ရှိပါတယ်။ အများစုကတော့ မန္တလေးတိုင်းနဲ့ စစ်ကိုင်းတိုင်းကဖြစ်ပါတယ်။ အခြားနေရာတွေကတော့ ကချင်၊ ကယား၊ ကရင်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်တို့တွင် ပျားအုံပေါင်း

၂,၀၀,၀၀၀ ဝန်းကျင်ခန့်ရှိပါတယ်။ ပျားရည်ထုတ်လုပ်ခြင်းလုပ်ငန်းနဲ့ ဝတ်မှုန်ကူးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ပျားလုပ်ငန်း ဆောင်ရွက်ချင်ရင် ဌာနက လိုင်စင်ထုတ်ပေးနေပါတယ်။ ပြည်နယ်တိုင်း ပျားလုပ်ငန်းဦးစီးဌာနတွေမှာ ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။ လိုင်စင်ရယူဖို့အတွက် ပျားမွေးမြူရေးသင်တန်းတက်ပြီးသူတွေ သင်တန်းဆင်းလက်မှတ်လိုပါတယ်။ သင်တန်းကလည်း သက်ဆိုင်ရာ ပြည်နယ်တိုင်းတွေမှာ အခြေခံသင်တန်း ဖွင့်လှစ်ပေးနေပါတယ်။ နောက်သက်ဆိုင်ရာ အိမ်ထောင်စုဇယား၊ ရပ်ကျေးထောက်ခံစာစသည့် အသေးစိပ်ကို စုံစမ်းသိရှိနိုင်ပါတယ်” ဟု ၎င်းကပြောသည်။

ပျားမွေးမြူရေးလုပ်ငန်းမှာ ဒေသတွင်းစိုက်ခင်းများကို ပိုးမွှားကျရောက်မှုနှင့် အပင်ဝတ်မှုန်ကူးခြင်းလုပ်ငန်းများဖြင့် အပြန်အလှန်အကျိုးပြုသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ပျားရည်ထွက်ကုန်များကို ပြည်တွင်းစားသုံးမှုနှင့် တိုင်းရင်းဆေးထုတ်လုပ်ခြင်းများတွင် အများဆုံး အသုံးပြုသုံးစွဲလျက်ရှိသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့်ပျားရည်ကို ထိုင်းနိုင်ငံ၊ တရုတ်၊ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံစသည့်နိုင်ငံများသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့လျက်ရှိကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် လမ်းပန်းဆက်သွယ်ရေး အခက်ခဲများကြောင့် ပဲတီစိမ်းဈေးကျဆင်းနေ




တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် လမ်းပန်းဆက်သွယ်ရေး အခက်ခဲများကြောင့် ယခင်လများနှင့်ယှဉ်လျှင် ပဲတီစိမ်းဈေးကျဆင်းလာကြောင်း ဈေးကွက်အရသိရသည်။

လက်ရှိပဲတီစိမ်း အထွက်နှုန်းများနေပြီး မြန်မာတရုတ်နယ်စပ် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှာလည်း ရက်ရှည်ကြာပိတ်ထားခြင်းကြောင့် အရောင်းအဝယ်မသွက်ဘဲ ဈေးနှုန်းကျဆင်းနေခြင်းဖြစ်ကြောင်း သိရသည်။

“လက်ရှိ တရုတ်ကိုပို့ဖို့ လမ်းခရီးတွေ အဆင်မပြေဘူး။ ပုံမှန်ပို့တဲ့လမ်းက ပိတ်ထားတော့ တင်ပို့တဲ့ကုန်စည်အကုန်လုံး မိုင်းလားဘက်ကသွားကြရတယ်။ အဲဒီလမ်းပိုင်းမှာ ပြုံပြီး ကားတွေပိတ် ပုံမှန်ထက် လမ်းခရီးမှာ ကြန့်ကြာမှုတွေရှိပြီး အရောင်းဝယ်တွေကျတာကြောင့် မြင့်နေတဲ့ဈေးကကျလာတာ”ဟု ပဲကုန်သည်တစ်ဦးကပြောသည်။

မန္တလေးကုန်စည်ဒိုင်ဈေးနှုန်းအရ ပဲတီစိမ်းဈေးဟာ ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ပဲတီစိမ်း ပိဿာ ၂၀ တစ်အိတ်လျှင် ၇၇,၀၀၀ ကျော်အထိရှိခဲ့ပြီး မတ်လ ၁၂ ရက် ဈေးနှုန်းအရ ပဲတီစိမ်း ပိဿာ ၂၀ တစ်အိတ်လျှင် ၆၈,၀၀၀ ကျပ်ထိ ကျဆင်းသွားကြောင်းသိရသည်။

လက်ရှိ FOB ရန်ကုန်ပေါက်ဈေး အနေဖြင့် FAQ အညာ တစ်တန်လျှင် ၇၃၀ မှ ၇၅၀ ဒေါ်လာထိရှိပြီး ရွှေဝါအကြီးလျှင် ၈၃၀ မှ ၈၆၀ အထိ ပေါက်ဈေးရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။

“ဖေဖော်ဝါရီလဆန်းပိုင်းလောက်နဲ့ယှဉ်ရင် ၈၀၀၀ ကနေ ၁၀,၀၀၀ ကြားထိ ကျသွားတယ်။ ပဲအထွက်လည်းများပြီး အဓိကတရုတ်ကပဲ ပဲတီစိမ်းကို ဝယ်တာဆိုတော့ လက်ရှိလမ်းပိုင်းအပြင် တခြားအခက်အခဲတွေကြောင့် တရုတ်ဘက်က အဝယ်နည်းသွားလို့ ဈေးကျသွားတာ။ ပင်လယ်ရေကြောင်းက တင်ပို့ရင်လည်း စရိတ်များလို့ အဆင်မပြေပြန်ဘူး”ဟု အောင်လံမှ ပဲကုန်သည်တစ်ဦးပြောသည်။

လက်ရှိ တောင်သူများထံ ဈေးနှိမ်ဝယ်ယူမှုများရှိနေပြီး တချို့ မရောင်းဘဲဈေးကွက်စောင့်ကြည့်နေသည့် အနေအထားများလည်းရှိကြောင်း သိရသည်။ အချို့နယ်ဘက်များရှိ တောင်သူများအဖို့ ပိဿာ ၂၀ လျှင် ခြောက်သောင်းကျပ်ဖြင့်လည်း ရောင်းချပေးနေရကြောင်းလည်း သိရသည်။

လက်ရှိ ရာသီဥတုကောင်းမွန်မှုကြောင့် ပဲထွက်နှုန်းလည်းများလာပြီး လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ပဲတီစိမ်းဈေးနှုန်း ထပ်မံကျဆင်းမည်ကို ပဲစိုက်တောင်သူများ စိုးရိမ်နေကြကြောင်းလည်း စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ပဲမျိုးစုံစိုက်ဧက ၁၁ သန်းကျော်ရှိပြီး ပဲတီစိမ်း ၂၆ ရာခိုင်နှုန်းခန့် စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို တရုတ်နိုင်ငံမှ ၉၀ ရာခိုင်နှုန်းအထိ အဓိကဝယ်ယူလျက်ရှိပြီး ၁၀ ရာခိုင်နှုန်းမှာ ထိုင်းနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့ ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို မြန်မာနိုင်ငံမှာ စစ်ကိုင်း၊ မကွေး၊ ပဲခူး၊ မန္တလေးတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်တို့မှာ အဓိကစိုက်ပျိုးကြကြောင်း သိရသည်။

**Source: (AMIA)**

**https://t.me/htwettoe**

## ရေနံဖြတ်တောက်မှုများမှ GCC နိုင်ငံများ၏ တိုးတက်မှုအပေါ် သက်ရောက်မှုများနှင့် ဆော်ဒီအာရေဗျနှင့်ယူအေအီးနိုင်ငံတို့၏ စွမ်းအင်မဟုတ်သော အခြားကဏ္ဍများမှ ခံနိုင်ရည်ရှိမှု

ICAEW (Institute of Chartered Accountants in England and Wales) မှ တာဝန်ယူပြီး Oxford Economics မှ ပြုစုထားသည့် အရှေ့အလယ်ပိုင်းဒေသအတွက် နောက်ဆုံးပေါ်စီးပွားရေးဆိုင်ရာ ထိုးထွင်းသိမြင်မှုအစီရင်ခံစာတွင် ရေနံထုတ်လုပ်မှုလျှော့ချမှုများ ဆက်လက်တည်ရှိနေသဖြင့် ၂၀၂၄ ခုနှစ်အတွင်း စီးပွားရေးလုပ်ငန်းစီမံကိန်းများ နှေးကွေးလိမ့်မည်ဟု ခန့်မှန်းထားသည်။

ပင်လယ်ကွေ့နိုင်ငံများ (GCC) အတွက် တိုးတက်မှုခန့်မှန်းချက်တွင် ပြီးခဲ့သည့် သုံးလက ၃ ဒသမ ၉ ရာခိုင်နှုန်းမှ ၂ ဒသမ ၇ ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့ပြီး ဆော်ဒီအာရေးဗျနှင့် ယူအေအီးနိုင်ငံများတို့တွင် စွမ်းအင်မဟုတ်သော အခြားကဏ္ဍများ၏ တိုးတက်မှုကို တွန်းအားပေးမည်ဟု ခန့်မှန်းထားကြောင်း အဆိုပါအစီရင်ခံစာမှ ဖော်ပြထားသည်။

GCC နိုင်ငံများ၏စီးပွားရေးတိုးတက်မှုအပေါ် စွမ်းအင်ကဏ္ဍတွင်ဖိအားများကျဆင်းနေသော်လည်း၊ စွမ်းအင်မဟုတ်သည့် အခြားအားကောင်းသည့်ကဏ္ဍများမှ ၎င်းသက်ရောက်မှုအချို့ကို ကာမိရန် ခန့်မှန်းထားသည်။ သို့သော်လည်း ပင်လယ်နီနှင့် စူးအက်တူးမြောင်းကိုဖြတ်ကျော်ရသည့် သင်္ဘောလမ်းကြောင်းများမှ အနှောင့်အယှက်များကြောင့် ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ကြမ်းစရိတ်များမြင့်တက်လာပြီး လာမည့်လများအတွင်း ဆုံးရှုံးမှုကြီးမားစွာဖြစ်လာနိုင်ကြောင်း အစီရင်ခံစာတွင် အကြံပြုတင်ပြထားသည်။

ဆော်ဒီအာရေဗျနှင့်ယူအေအီးနိုင်ငံများတို့၏ GDP တိုးတက်မှုများသည် ၂ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၄ ဒသမ ၄ ရာခိုင်နှုန်းသို့ ရောက်ရှိပြီး ပြီးခဲ့သည့်သုံးလက ၄ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၄ ဒသမ ၈ ရာခိုင်နှုန်းအထိ အသီးသီးရှိခဲ့ရာမှ ကျဆင်းခဲ့ခြင်းဖြစ်သည်။ ဤသို့ပြောင်းလဲမှုများသည် တတိယသုံးလပတ်တွင် ရေနံဖြတ်တောက်မှု တဖြည်းဖြည်းလျော့ကျလာရာမှ ရေနံမဟုတ်သော အခြားအားကောင်းသည့် စီးပွားရေးလုပ်ငန်းများအပေါ် ရိုက်ခတ်လာခဲ့သည်။ မကြာမီက ထုတ်ပြန်လိုက်သော အချက်အလက်များအရ ဆော်ဒီအာရေးဗျနိုင်ငံ၏ GDP တွင် ၂၀၂၃ ခုနှစ် တတိယ သုံးလပတ်က ၄ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့ပြီးနောက် စတုတ္ထသုံးလပတ်နှစ်အလိုက် နှိုင်းယှဉ်မှုတွင် ၃ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းသွားကြောင်းတွေ့ရသည်။ တစ်ချိန်တည်းမှာပင် ယူအေအီးနိုင်ငံ၏ ရေနံမဟုတ်သော GDP သည် ၂၀၂၃ ခုနှစ်တွင် ၅ ဒသမ ၆ ရာခိုင်နှုန်းခန့် တိုးတက်လာခဲ့ပြီး စုစုပေါင်း GDP တိုးတက်မှု၏ ၃ ရာခိုင်နှုန်းရှိခဲ့ကြောင်း ဖော်ပြပါရှိသည်။

ပြီးခဲ့သည့်နှစ်က ရေနံဖြတ်တောက်မှုအစပျိုးပြီး အနိမ့်ဆုံးအခြေခံဈေးနှုန်းများသို့ ရောက်ရှိခဲ့ရာမှ ထွက်ပေါ်လာသော ရလဒ်များအဖြစ် GCC နိုင်ငံများမှ ရေနံတင်ပို့မှုကျဆင်းခဲ့သည်။ OPEC+ နိုင်ငံများသည်ပင်လျှင် ဒုတိယသုံးလပတ်တွင် ရေနံတင်ပို့မှုနှုန်းဖြတ်တောက်မှုကို ၎င်းတို့ဆန္ဒအလျောက် သက်တမ်းတိုးပေးခြင်းဖြင့် ဒေသတွင်းစွမ်းအင်ကဏ္ဍသည် ယခုနှစ်တွင်တိုးတက်ရန် အသင့်ရှိနေကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။ စွမ်းအင်ကဏ္ဍတွင်တိုးတက်လာမှု ၁ ဒသမ ၃ ရာခိုင်နှုန်းဖြင့် မနှစ်က ၅ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းမှုမှ သိသိသာသာပြောင်းလဲသွားမည်ဟု ခန့်မှန်းထားသည်။ အထူးသဖြင့် ဆော်ဒီအာရေးဗျတွင် ၂၀၂၃ ခုနှစ်က နှစ်အလိုက်နှိုင်းယှဉ်မှု ၉ ဒသမ ၅ ရာခိုင်နှုန်းအထိကျဆင်းသွားပြီးနောက် ယခုနှစ်တွင် ရေနံလုပ်ငန်းများ ၀ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာမည်ဟု မျှော်လင့်ထားကြောင်း ဖော်ပြထားသည်။

GCC နိုင်ငံများရှိ စွမ်းအင်မဟုတ်သောအခြားစီးပွားရေးကဏ္ဍများတွင် အစိုးရနှင့်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများမှ ဆက်လက်အကျိုးအမြတ်ရရှိမည့် အနေအထားတွင်တည်ရှိနေပြီး ဆော်ဒီအာရေဗျနိုင်ငံသည် အထူးကြီးမားသော စီမံကိန်းများမှ ဘဏ္ဍာရေးရန်ပုံငွေရရှိနိုင်သည့် နည်းလမ်းများကို ဦးတည်ကာ Expo 2030 နှင့် FIFA World Cup 2034 စသည့် စီမံကိန်းကြီးများတို့ကို အာရုံစိုက်ဆောင်ရွက်ခြင်းအားဖြင့် ၎င်းတို့၏ Vision 2030 ကို ရှေ့သို့ရောက်ရှိစေရန် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ ယူအေအီးနိုင်ငံတွင်လည်း 'We the UAE 2031' စသည့် အစီအစဉ်များကဲ့သို့သော ဒူဘိုင်းစီးပွားရေးအစီအစဉ် D33 နှင့် အခြားမဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရင်းနှီးမြှုပ်နှံမှုများပိုမိုအားကောင်းလာလိမ့်မည်ဟု ခန့်မှန်းထားကြောင်းနှင့် တစ်ချိန်တည်းမှာပင် ယခု ဆယ်စုနှစ်နှောင်းပိုင်းတွင် ကာတာနိုင်ငံ၏ သဘာဝဓာတ်ငွေ့ရည် (LNG) စွမ်းရည်လုပ်ငန်း တိုးချဲ့ဆောင်ရွက်နေသည့်အစီအစဉ်များသည် ကာလလတ်တွင်အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများကို ရရှိစေလိမ့်မည်ဟု ခန့်မှန်းထားသည်။

ခရီးသွားလုပ်ငန်းကဏ္ဍသည် ဆော်ဒီအာရေဗျနှင့်ယူအေအီးနိုင်ငံများတို့၏ တိုးတက်မှုအစီအစဉ်များအတွက် အဓိကကျသော သော့ချက်တစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေကာ ဒူဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ မနှစ်ကခရီးသည် ၈၆ ဒသမ ၉ သန်းကို ကြိုဆိုနိုင်ခဲ့ပြီး၊ ဆော်ဒီအာရေဗျနိုင်ငံမှ မနှစ်က ခရီးသည် ၁၀၆ ဒသမ ၂ သန်းကိုကြိုဆိုနိုင်ခဲ့သဖြင့် ကပ်ရောဂါအကြိုကာလက ကိန်းဂဏန်းများထက် ကျော်လွန်သွားခဲ့သလို ၂၀၂၂ ခုနှစ်ကထက် ၁၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ဖော်ပြပါရှိသည်။

အစီရင်ခံစာတွင် GCC နိုင်ငံများ၏ငွေကြေးဖောင်းပွမှုသည် အဓိကအားဖြင့် အိမ်ရာနေထိုင်မှုကုန်ကျ စရိတ်များကြောင့် ၂ ဒသမ ၅ ရာခိုင်နှုန်းဝန်းကျင်သို့ ရောက်ရှိမည်ဟုလည်းခန့်မှန်းထားကာ ငွေကြေးဖောင်းပွမှု၏ အပြုသဘောဆောင်သော လမ်းကြောင်းများသည် Federal Reserve နှင့် GCC ဗဟိုဘဏ်များမှထပ်လောင်းအတိုးနှုန်းများ တက်လာခြင်းအတွက် စိုးရိမ်မှုများကိုလျှော့ကျစေခဲ့ပါသည်။ ပထမဆုံး ဖြတ်တောက်မှုသည် ဒုတိယသုံးလပတ်တွင် ရောက်ရှိလာလိမ့်မည်ဖြစ်ပြီး ၎င်းနောက်ပိုင်းတွင် အတိုးနှုန်းများ တဖြည်းဖြည်းကျဆင်းလာလိမ့်မည်ဟု ခန့်မှန်းထားသည်။ လျော့ရဲသော ငွေကြေးမူဝါဒသည် ဒေသတွင်းချေးငွေလုပ်ငန်းများ တိုးတက်လာစေမည်ဖြစ်သလို အိမ်ခြံမြေလုပ်ငန်းကဏ္ဍအားကောင်းလာစေမည် ဖြစ်ကာ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို အရှိန်အဟုန်ဖြင့်ပံ့ပိုးလိမ့်မည်ဖြစ်ကြောင်း အဆိုပါသတင်းဌာနမှ ဖော်ပြထားသည်။

**သုံးသပ်တင်ပြချက်**

ဆော်ဒီအာရေဗျနှင့်ယူအေအီး နှစ်နိုင်ငံစလုံးသည် မကြာသေးမီနှစ်များအတွင်းက ရေနံမှရရှိသည့် ဝင်ငွေအပေါ် မှီခိုအားထားနေရမှုမှ ကင်းဝေးစေမည့် အခြားစီးပွားရေးလုပ်ငန်းများကို အခြားသောနိုင်ငံများနှင့် မတူကွဲပြားအောင် တက်ကြွစွာ စီစဉ်ဆောင်ရွက်မှုများဖြင့် အစပျိုးဆောင်ရွက်ခဲ့ကြပြီး ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးလုပ်ငန်းများတိုးတက်မှုနှင့် စီးပွားရေးတည်ငြိမ်မှုတို့အတွက် ဆက်လက် စီမံဆောင်ရွက်လျက်ရှိသည်။

ဆော်ဒီအာရေဗျနိုင်ငံမှ ၎င်းတို့နိုင်ငံ၏စီးပွားရေးကို အခြားနိုင်ငံများနှင့်မတူကွဲပြားစေပြီး ရေနံအပေါ် မှီခိုမှုကို လျှော့ချရန်အတွက် ပြီးပြည့်စုံသောအစီအစဉ်ဖြစ်သည့် 'Vision 2030' ကို စီမံဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့တွင် နိုင်ငံတကာ ခရီးသွားများကိုဆွဲဆောင်ရန်အတွက် ယဉ်ကျေးမှုနှင့်သမိုင်း ဝင်နေရာများကိုမြှင့်တင်ပေးလျက်ရှိပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများတွင် ကြီးကြီးမားမားရင်းနှီးမြှုပ်နှံထားရှိသည်။ ၎င်းတို့၏မြို့ပြများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာပွဲလမ်းသဘင်များအား လက်ခံကျင်းပခြင်းကဲ့သို့သော ဖျော်ဖြေရေးလုပ်ငန်းအစပျိုးဆောင်ရွက်မှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ပညာရေးနှင့်နည်းပညာဆိုင်ရာလုပ်ငန်းများအတွက် နည်းပညာအချက်အချာစင်တာများ တည်ထောင်ထားရှိခြင်းနှင့် ပညာရပ်ပိုင်းဆိုင်ရာစီးပွားရေးလုပ်ငန်းများ စတင်ခြင်းများအတွက် ရန်ပုံငွေထောက်ပံ့ခြင်းကဲ့သို့သော ပံ့ပိုးဆောင်ရွက်မှုများနှင့် မော်တော်ယာဉ်၊ အာကာသယာဉ်အစိတ်အပိုင်းများ ထုတ်လုပ်မှုများနှင့် ရေနံဓာတုဗေဒကဲ့သို့သော ဓာတု–စက်မှုလုပ်ငန်းများအပါအဝင် ကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မည့် ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် စီမံဆောင်ရွက်ထားသလို ပုဂ္ဂလိကကဏ္ဍတိုးတက်မှုကို လှုံ့ဆော်ရန်အတွက် အချို့သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကိုလည်း ပုဂ္ဂလိကပိုင်အဖြစ်ပြောင်းလဲဆောင်ရွက်ဆောင်ရွက်လျက်ရှိသည်။

ယူအေအီးနိုင်ငံတွင်လည်း နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် ကောင်းမွန်သောအစီအစဉ်ဖြစ်သည့် 'Dubai Economic Agenda D33' ကို စီမံဆောင်ရွက်လျက်ရှိသည်။ ဒူဘိုင်းနှင့် အဘူဒါဘီစသည့် မြို့ပြကြီးများတို့တွင် ဇိမ်ခံဟိုတယ်ကြီးများ၊ ဈေးဝယ်စင်တာကြီးများနှင့်ဖျော်ဖြေရေးနေရာများကဲ့သို့ ဆွဲဆောင်မှုရှိသော အဓိကခရီးသွားလုပ်ငန်း ဗဟိုစင်တာများတည်ထောင်ခြင်း၊ နိုင်ငံ၏မဟာဗျူဟာကျသောတည်နေရာနှင့် ကမ္ဘာ့အဆင့်မီအခြေခံအဆောက်အအုံများ၊ ဝန်ဆောင်မှုများကိုတည်ထောင်ထားခြင်းဖြင့် အရှေ့အလယ်ပိုင်းဒေသတွင်း ကုန်သွယ်မှုနှင့်ထောက်ပံ့ပို့ဆောင်ရေးတို့အတွက် အဓိကအချက်အချာနေရာတစ်ခုအဖြစ်ရောက်ရှိစေရန် စီမံဆောင်ရွက်ထားခြင်း၊ နိုင်ငံတကာဘဏ်လုပ်ငန်းများ၊ အာမခံနှင့်ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုလုပ်ငန်းများအပါအဝင် ဘဏ္ဍာရေးဝန်ဆောင်မှုများစွာကို ပေးဆောင်သည့် နိုင်ငံတကာဘဏ္ဍာရေးဗဟိုဌာနများ တည်ထောင်ထားရှိခြင်း၊ နည်းပညာကဏ္ဍနှင့် ဆန်းသစ်တီထွင်မှုကဏ္ဍများတို့တွင် ရင်းနှီးမြှုပ်နှံမှုများစွာထားရှိပြီး နည်းပညာနှင့်ဆန်းသစ်တီထွင်မှုများအတွက် လွပ်လပ်စွာ ကုန်သွယ်နိုင်သော စီးပွားရေးဇုန်များကဲ့သို့သော အစပျိုးဆောင်ရွက်မှုများနှင့် စမတ်မြို့ကြီးများအဖြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်မှုများအပြင် ဆော်ဒီအာရေဗျနှင့်ယူအေအီး နှစ်နိုင်ငံစလုံးသည် ရုပ်ကြွင်းလောင်စာများအပေါ် မှီခိုအားထားမှုကို လျှော့ချနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့် အခြားသောပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စီမံကိန်းများတွင်လည်း ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။

**Source: focus.hidubai.com**

**(စီးပွားရေးသံမှူး ၊ Dubai, UAE)**

## ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုစံချိန်တင်ပြီး တစ်သမတ်တည်းမြင့်တက်

SS Rice News Convention ကို ၂၀၂၄ ခုနှစ် မတ်လ ၆ ရက်က ဒါနန်းမြို့တွင်ကျင်းပခဲ့ပြီး ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံပေါင်း ၃၀ မှ ထိပ်တန်းကျွမ်းကျင်သူများ၊ သုတေသီများနှင့်အတူ ဆန်စပါးလုပ်ငန်းမှ တင်သွင်းသူ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့်ဆက်စပ်ဝန်ဆောင်မှုပေးသူ ၄၀၀ ကျော် ပူးပေါင်းပါဝင်တက်ရောက်ခဲ့ကြကြောင်း VN Economy အွန်လိုင်းသတင်းဖော်ပြချက်အရ သိရသည်။

အခမ်းအနားတွင် စက်မှုနှင့်ကုန်သွယ်မှုဝန်ကြီးဌာန နိုင်ငံခြားကုန်သွယ်မှုအေဂျင်စီမှ ဒါရိုက်တာဖြစ်သူ Mr. Nguyen Anh Son က ဆန်သည် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့် နေ့စဉ်စားသုံးနေသည့် မရှိမဖြစ်လိုအပ်သော ကုန်စည်တစ်ခုဖြစ်ကြောင်း၊ စားနပ်ရိက္ခာရရှိရေးတွင် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဆန်အများဆုံး တင်ပို့သည့်နိုင်ငံ ၃ နိုင်ငံအနက်မှ တစ်နိုင်ငံဖြစ်ပြီး ကမ္ဘာ့ဆန်တင်ပို့မှုစုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ မူဝါဒအပြောင်းအလဲများ၊ ထောက်ပံ့မှုနှင့်ဝယ်လိုအားအတက်အကျနှင့်ဈေးနှုန်းများသည် ပြည်တွင်းစက်မှုလုပ်ငန်းကို တိုက်ရိုက်အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်၏ လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက် (FTAs) ကို ထိထိရောက်ရောက် အသုံးချနိုင်ခြင်းကြောင့် ၂၀၂၃ ခုနှစ်တွင် ဆန်ထုတ်လုပ်မှုနှင့် ပို့ကုန်များသည် ထုထည်နှင့် ကုန်ထုတ်စွမ်းအား နှစ်ခုစလုံးတွင် စံချိန်တင်ရောက်ရှိခဲ့ကြောင်း မစ္စတာ Son က ပြောကြားခဲ့သည်။ ယခုနှစ်အတွက် စုစုပေါင်းပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၈ ဘီလီယံရှိပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၃၆ ဒသမ ၆ ရာခိုင်နှုန်း တိုးမြင့်လာပြီး နှစ်ပေါင်းများစွာအတွင်း အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများ ဆက်လက်ရှိနေသော်လည်း ၂၀၂၄ ခုနှစ် နှစ်စကာလများတွင် ဆန်တင်ပို့မှုအတွက် ကောင်းမွန်သော လက္ခဏာများရှိနေပါကြောင်း၊ ဇန်နဝါရီလတွင် ဆန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၃၆၂ သန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် ၇ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊ ရောင်းလိုအား တင်းကျပ်မှုကြောင့် ဆန်ဈေးသည် တစ်နှစ်ပတ်လုံး ဆက်လက်မြင့်တက်လာမည်ဟု မျှော်လင့်ရကြောင်း ဖော်ပြထားသည်။

အထူးသဖြင့် အိန္ဒိယ၏ လက်ရှိဆန်တင်ပို့မှု ကန့်သတ်ချက်များသည် အခြားနိုင်ငံများမှ ဆန်တင်ပို့မှု၏ အရေးပါမှုကို ပိုမိုထင်ရှားစေကြောင်း၊ အယ်လ်နီညိုရာသီဥတုကြောင့် စပါးစိုက်ပျိုးသည့်ဒေသများကို အကျိုးသက်ရောက်စေနိုင်သောကြောင့် ထောက်ပံ့ရေးဆိုင်ရာ စိုးရိမ်မှုများနှင့် ရင်ဆိုင်နေရချိန်တွင် ကမ္ဘာ့ဆန်ဈေးကွက်တွင် ဗီယက်နမ်နိုင်ငံကဲ့သို့ နိုင်ငံများအတွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ဖန်တီးပေးကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ဆန်တင်ပို့မှုတွင် ဝယ်လိုအားတိုးလာခြင်းကြောင့် အကျိုးအမြတ်ရရှိနေကြောင်း၊ သို့သော်လည်း ရေရှည်တည်တံ့သော ထုတ်လုပ်မှုအလေ့အကျင့်များ ရရှိစေရန်နှင့် အရည်အသွေးစံနှုန်းများကို ထိန်းသိမ်းခြင်း၊ အလားအလာရှိသော ဈေးကွက်အတက်အကျများစသည့် စိန်ခေါ်မှုများကိုလည်း ဖြေရှင်းရမည်ဖြစ်ကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားခြင်းဖြင့် ဗီယက်နမ်နိုင်ငံသည် ထိပ်တန်းဆန်တင်ပို့သူအဖြစ် ရပ်တည်နိုင်ရုံသာမက ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးနှင့် စီးပွားရေးတည်ငြိမ်မှုကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြရပါသည်။

**Source: VN Economy**

**(စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

https://myantrade.gov.mm/article/Naypyitawstp_130320241000

https://www.popularmyanmar.com/?p=151761

## STOCK EXCHANGE (13.3.2024)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th Mar. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,490 (Shares) | 24,222,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 1,903 | 15,794,900 | 33,109,694 | 274,811 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,850 | 2,900 | 2,850 | 1,981 | 5,653,550 | 38,929,150 | 112,895 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 230 | 345,000 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,350 | 2,500 | 2,350 | 22 | 54,850 | 12,823,224 | 32,058 |
| EFR | 00006 | 1,800 | +100 | +5.88% | 1,700 | 1,800 | 1,700 | 106 | 180,700 | 19,977,223 | 35,959 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 20 | 94,000 | 10,497,598 | 49,339 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 1,228 | 2,099,000 | 23,804,946 | 41,659 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 12th Mar. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 355.91 | +2.10 | +0.59% | 352.80 | 355.91 | 352.80 | 5,490 | 24,222,000 | 8 | 671,306 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 12th Mar. 2024

| Trading Volume | Trading Value |
|---|---|
| 5,490 (Shares) | 24,222,000 (MMK) |

### Main Board

As of 1:00 pm, 12th Mar. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,490 (Shares) | 24,222,000 (MMK) |

| MYANPIX | 355.91 ▲ 2.10 |
|---|---|
| Total Volume (shares) | 5,490 |
| Total Value (MMK) | 24 mil |
| Listed Company | 8 |
| Market Cap. (MMK) | 671,306 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,800 | ▲ 100 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |

TIR